

ဥက္ကဋ္ဌကြီး ဟင်နရီ ဘီ အိုင်းရင်း
ပထမဥက္ကဋ္ဌအဖွဲ့၏
ပထမအကြံပေးပုဂ္ဂိုလ်

# ဘုရားသခင်မှရွေးနုတ်သူအား လူအပေါင်းမှ ထောက်ခံ၏

ကျွန်ုပ်သည် ဘုရားသခင်၏အမှုတော်အတွက် အသင်းသားတစ်ဦးဦးအားအတည်ပြုပေးခြင်းအတွက် မကြာခဏဖိတ်ကြားခြင်းခံရပါသည်။ လွန်ခဲ့သော နှစ်အနည်းငယ်က ၁၈နှစ်အရွယ်ရှိကျောင်းသားလေးတစ်ဦးသည် ဘုရားသခင်၏ အမှုတော်အတွက် အတည်ပြုခြင်းဆိုသည်မှာ မည်သည်ကိုခေါ်ဆိုကြောင်းပြသခဲ့ပါသည်။ ကျွန်ုပ်သည်သူ၏နှိမ့်ချတတ် ခြင်းအား ယခုတိုင်ချီးမွမ်းနေခဲ့မိပါသည်။

သူသည် ကောလိပ်တွင် သူ၏ပထမနှစ်အား စတင်ဆဲအချိန်ဖြစ်ပါသည်။ လွန်ခဲ့သော တစ်နှစ်ခန့်က နှစ်ခြင်းခံခဲ့ပြီး သူ၏ မိသားစုနှင့်ဝေးရာဒေသတွင် ပိုမိုကြီးမားသော တက္ကသိုလ်ကိုတက်ရောက်ရန်ရောက်ရှိနေခြင်းဖြစ်သည်။ ထိုအချိန်ကျွန်ုပ်သည်ကား သူ၏သင်းအုပ်အဖြစ်တာဝန်ထမ်းဆောင်နေစဉ်ဖြစ်ပါသည်။

ကျောင်း၏ပထမနှစ်တွင် ကျွန်ုပ်သူနှင့် သင်းအုပ်ရုံးခန်းတွင် အင်တာဗျူးအကျဉ်းမေးမြန်းခြင်းဖြင့် တွေ့ဆုံခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်အနည်းငယ်မှတ်မိသည်မှာ သူ၏ပထမဆုံးနယ်မြေအသစ်တွင် စိန်ခေါ်မှုများကို ဖြတ်သန်းရခြင်းအကြောင်းကို ပြောဆိုကြခြင်းပင်ဖြစ်ပါသည်။ သို့သော် သူနှင့် ဒုတိယတစ်ကြိမ်တွေ့ဆုံစကားပြောခြင်းအား ကျွန်ုပ်ဘယ်သောအခါမှမေ့မရပါ။

ကျွန်ုပ်၏ရုံးခန်းအတွင်းတွင်ကျွန်ုပ်အံ့သြစေလောက်သောသူ၏မေးခွန်းမှာ “ကျွန်တော်တို့နှစ်ယောက်အသံထွက်ပြီး ဆုတောင်းခြင်းပြုနိုင်မည်လားခင်ဗျာ” ဟူ၍ဖြစ်ပါသည်။ ကျွန်ုပ်သည်ကားဆုတောင်းခြင်းကိုပြုခဲ့ပြီးဖြစ်ပြီးသူသည်လည်းပြုခဲ့ပြီးဖြစ်သည်ဟုကျွန်ုပ်ထင်သော်လည်း သူ၏တောင်းဆိုမှုအားကျွန်ုပ်လက်ခံလိုက်ပါသည်။

သူစတင်၍ဆုတောင်းသည်မှာ သင်းအုပ်များသည် ဘုရားသခင်မှရွေးနုတ်ခေါ်ယူထားခြင်းဖြစ်ကြောင်း သက်သေခံခြင်းပင် ဖြစ်ပါသည်။ သူသည် ဘုရားသခင်မှ ကြီးမြတ်သောဝိညာဉ်အကျိုးဆက်အကြောင်းအချက်ဖြင့် သူဘာဆက်လုပ်သင့်သည်ကိုကျွန်ုပ်အားပြောပြရန် တောင်းဆိုပါသည်။ ထိုလူငယ်လေးမှဘုရားသခင်အားပြောကြားသည်မှာ သူမည်သည့်အရာလိုအပ်နေသည်ကို သင်းအုပ်ကသိရှိပြီးဖြစ်သည်မှာသေချာ၍သင်းအုပ်မှပေးသော အကြံဉာဏ်အားသူလိုအပ်ကြောင်းပင်ဖြစ်ပါသည်။

သူပြောခဲ့သည့်အတိုင်း တိကျသော စိုးရိမ်ဖွယ်ရာတစ်ခုသည် ကျွန်ုပ်၏စိတ်အတွင်းသို့ရောက်ရှိလာသည်။ ရိုးရှင်းသောအကြံဉာဏ်ဖြစ်သော်လည်း ကြီးမားသောသန့်ရှင်းမှု၊ အမြဲဆုတောင်းခြင်း၊ ပညတ်တော်များကို နာခံခြင်းနှင့် ကြောက်စိတ်ကင်းရှင်းရမည်ဖြစ်ပါသည်။

ထိုလူငယ်ကလေးသည် အသင်းတော်သက်တစ်နှစ်အတွင်း ကျွန်ုပ်အားဥပမာများဖြင့်ပြသခဲ့သည်မှာ ဘုရားသခင်သည် ခေါင်းဆောင်တစ်ယောက်အဖြစ်ခေါ်ယူခြင်းခံရပြီး ယုံကြည်ခြင်းနှင့်ဆုတောင်းခြင်းများဖြင့်ခံနိုင်စွမ်းရှိသည့်ခေါင်းဆောင်အားမည်သို့ပြုလုပ်နိုင်ကြောင်းပင်ဖြစ်ပါသည်။ အသင်းတော်မှ ခွင့်ပြုထားသောအများနှင့်သက်ဆိုင်သည့်နည်းဥပဒေသ၏စွမ်းအားကိုထိုလူငယ်လေးမှ ကျွန်ုပ်အားသရုပ်ပြသွားခြင်းဖြစ်သည်။(ယုံကြည်ခံယူချက်နှင့်ပဋိညာဉ်ကျမ်း ၂၆း၂တွင် ကြည့်ပါ)။ ဘုရားသခင်သည် သူ၏အမှုတော်ထမ်းများအားဗျာဒိတ်ဖြင့်ခေါ်ယူသော်လည်းထိုသို့ခေါ်ယူရန် ထောက်ခံထားခြင်းခံရသောသူများသည်လည်းဘုရားသခင်၏အမှုတော်ထမ်းဖြစ်နိုင်ပါသည်။

ကျွန်ုပ်တို့ထောက်ခံဆန္ဒပြုရာ၌လည်းလေးနက်သောကတိများထားရှိပါသည်။ ကျွန်ုပ်တို့ ကတိပြုသည်မှာ ဘုရားသခင် ၏အမှုတော်ထမ်းများအတွက် ဆုတောင်းပေးခြင်းနှင့် ကိုယ်တော်မှ သူတို့အားဦးဆောင်ပြီး ခွန်အားပေးရန်ဖြစ်ပါသည် (ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၉၃း၅၁ တွင်ကြည့်ပါ)။ ကျွန်ုပ်တို့သက်သေခံနိုင်သည်မှာ သူတို့အားလုံးမည်သည့် အချိန်မဆို အမှုတော်အားထမ်းဆောင်နေစဉ်နှင့် အကြံဉာဏ်ပေးခြင်းများတွင် ဘုရားသခင်ကိုယ်တော်တိုင် လွှမ်းခြုံ၍ စိတ်အားတက်စေခြင်းကို ရှာဖွေတွေ့ရှိနိုင်မည်ဖြစ်ကြောင်းပင်ဖြစ်ပါသည် (ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၁း၃၈ တွင် ကြည့်ပါ)။

ထိုကတိအား ကျွန်ုပ်တို့၏နှလုံးသားတွင် အကြိမ်ကြိမ်ထပ်လောင်းတည်စေရန်လိုအပ်ပါသည်။ သင်၏တနင်္ဂနွေနေ့ သင်တန်းဆရာသည် သင့်အား ဝိညာဉ်တော်အားဖြင့်သင်ကြားပါသည် သို့သော်လည်း သင်မှားသကဲ့သို့ သင်၏ဆရာ သည်လည်းအတန်းရှေ့တွင် အမှားလုပ်ကောင်းလုပ်နိုင်ပါသည်။သို့သော်လည်းသင်၏စိတ်တွင်မည်သို့ပင်ဖြစ်စေကာမူဆက်လက်နားထောင်စောင့်ကြည့်မည်ဟုဆုံးဖြတ်ပါကလှုံ့ဆော်ခြင်းတစ်ခုကိုသင်ခံစားရမည်ဖြစ်ပါသည်။ ထိုအချိန်တွင် ထိုဆရာသင်ကြားခြင်းသည် အမှားနည်းလာပြီး ထင်ရှားသည်မှာဘုရားသခင်က ထိုဆရာအား အားဖြည့်ပေးနေသည်ကို သင်သတိပြုမိလာမည်ဖြစ်သည်။

ကျွန်ုပ်တို့ လက်ထောင်၍ လူတစ်ယောက်အားထောက်ခံပေးသကဲ့သို့ ဘုရားသခင်အတွက်မည်သည့်ရည်ရွယ်ချက်ဖြင့်ဖြစ်စေ အမှုတော်ထမ်းသူအား ပြီးမြောက်ပြည့်စုံသူဟုခေါ်ဆိုသည်။ ကျွန်ုပ်တို့သားသမီးများငယ်စဉ်က ကျွန်ုပ်၏ဇနီးသည် အသင်းတော်ရှိ

ကလေးများအားသင်ကြားပေးရန်ရွေးချယ်ခြင်းခံရသည်။ ကျွန်ုပ်သည် သူမအား ကျွန်ုပ်လက်ကိုမြှောက်၍ထောက်ခံပေးရုံမျှမက သူမအား ဆုတောင်းပေးခြင်းနှင့် သူမအားအကူအညီပေးစေရန် တောင်းခံခြင်းအားပြုခဲ့သည်။ ကျွန်ုပ်ရရှိသောသင်ခန်းစာမှာ အမျိုးသမီးများလည်းအမှုတော်ထမ်းနိုင်ခြင်းအတွက် ကျေနပ်အားရသကဲ့သို့ သခင်ဘုရားက ကလေးငယ်များကို ချစ်ခင်ပြီး ကျွန်ုပ်၏မိသားစုနှင့် ကျွန်ုပ်၏ဘဝအားယခုတိုင် ကောင်းချီးပေးနေခြင်းပင်ဖြစ်ပါသည်။

မကြာသေးခင်က သင်းအုပ်မှအမှုတော်ထမ်းရန် ထောက်ခံပေးခဲ့သော လူငယ်တစ်ယောက်နှင့်စကားပြောဖြစ်ခဲ့သည်။ကျွန်ုပ်သင်ကြားခဲ့သည်မှာသခင်ဘုရားနှင့်လူအပေါင်းက ထောက်ခံပေးပြီး သာသနာပြုအဖြစ် လည်းကောင်း၊ ခရိုင်ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဖာသာတစ်ယောက်အဖြစ်လည်းကောင်း အဆင့်ဆင့် ထမ်းဆောင်စေခဲ့သည်။ ကျွန်ုပ်တို့စကားပြီးဆုံးသွား သောအခါ "ကျွန်ုပ် သင့်အတွက် အမြဲတမ်းဆုတောင်းပေးနေပါတယ်" ဟု သူပြောခဲ့လေသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်မှ ခေါ်ယူ၍အမှုတော်ထမ်းစေသော တစ်စုံတစ်ယောက်အတွက်နေ့စဉ်နေ့တိုင်းဆုတောင်းပေးနိုင်ရန်ဆုံးဖြတ်နိုင်ပါသည်။ကျွန်ုပ်တို့သည်သူသို့မဟုတ်သူမ၏အမှုတော်ဖြင့်ကောင်းချီးပေးသောတစ်စုံတစ်ယောက်အားကျေးဇူးတင်နိုင်ပါသည်။ အကယ်၍တစ်စုံတစ်ယောက်သည် စေတနာ့ဝန်ထမ်းအဖြစ် ထမ်းဆောင်လိုပါက ကျွန်ုပ်တို့မှလည်းသူ့အားထောက်ခံခြင်းဖြင့် ရှေ့ဆက်လုပ်ဆောင်နိုင်ရန် ဆုံးဖြတ်ပေးနိုင်ပါသည်။

ဘုရားသခင်၏အမှုတော်ထမ်းအဖြစ်အတည်ပြုခြင်းခံရသူသည်ကိုယ်တော်နိုင်ငံတော်တွင် သူ၏မနိုင်းယှဉ်နိုင်သော တန်ခိုးတော်ဖြင့် ထောက်ပံ့ခြင်းခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးထိုကောင်းချီးအားလိုအပ်ပါသည်။

**မှတ်စု**

- *အသင်းတော်ဥက္ကဋ္ဌကြီးများသင်ကြားခြင်း–ဂျိုးဇက် အက်ဖ် စမစ် (၁၉၉၈)၊ ၂၁၁–၁၂ တွင်ကြည့်ပါ။*

## ဤအမှာစာမှ သင်ကြားပို့ချချက်

ယခုအမှာ စာအားမျှဝေပြီး ဖော်ပြပါကိုးကားချက်အားဆင်ခြင်ခြင်းဖြင့် ဖတ်ပါ "အကယ်၍သင်သည် နှိမ့်ချခြင်း၊ သစ္စာရှိခြင်း နှင့် ကြိုးစားခြင်းရှိပါက သင်သည် ဘုရားသခင်၏လက်တော်တွင် အသုံးချနိုင်သော ကိရိယာတစ်ခုဖြစ်လိမ့်မည် …သင်သည် ခွန်အားနှင့် ထောက်ပံ့ခြင်းကို ရရှိပြီး အတူခေါ်ဆောင်ခြင်းခံရပြီး အခြားသူများနှင့်မတူပဲသင့်အားထင်ရှား စေလိမ့်မည်" (သင်ကြားခြင်း၊ ထိုထက်ပိုမိုသော ရွေးနှုတ်ခြင်းမရှိ (၁၉၉၉)၊ ၂၀)။ လေးလံသောအရာဝတ္ထုတစ်ခုဘေးတွင် မိသားစုဝင်များအား စုရုံးစေပြီး တစ်စုံတစ်ယောက်အား ထိုအရာဝတ္ထုကို ပင့်မခိုင်းပါ။ ထို့နောက် တစ်ကြိမ်တွင်တစ်ယောက်တိုးကာမစေခြင်းဖြင့် မိသားစုဝင်အားလုံးအား ထိုအရာဝတ္ထုကိုတစ်ပြိုင်တည်းပင့်မခိုင်းကြည့်ပါ။ လူအားလုံးကူညီပင့်မခြင်းဖြင့် မည်သည့်အရာဖြစ်ပေါ်သည်ကိုဆွေးနွေးပါ။ဥက္ကဋ္ဌကြီးအိုင်းရင်းအကြံဉာဏ်ပေးချက်အားအသားပေးစဉ်းစားခိုင်းစေပြီး ရွေးနှုတ်ခံရသူများကိုအတည်ပြုခြင်းအား လက်တွေ့လုပ်ဆောင်ခြင်းပြုပါအံ့။

## လူငယ်ကဏ္ဍ

### ကျွန်ုပ်၏တနင်္ဂနွေနေ့သင်တန်းဆရာအားကျေးဇူးတင်ပါသည်။

**နာမအားခွဲကိုင်၍**

ကျွန်ုပ်၏တနင်္ဂနွေနေ့သင်တန်းတွင်း သင်တန်းသားသည်အမြဲတမ်းလေးစားစွာသင်ကြားခြင်းမရှိပါ။အပတ်စဉ်တိုင်းကျွန်ုပ်သည် သင်ခန်းစာများကိုနှစ်ခြိုက်စွာနားထောင်ခြင်းရှိသော်လည်း တစ်ခါတစ်ရံတွင် အတန်းတွင်းမှ အခြားသော သူများသည်နားထောင်ခြင်းမရှိပါ။ ဆရာစာသင်ချိန်တွင် သူတို့သည် အချင်းချင်းစကားပြောခြင်း၊ အခြားသော အီလက် ထရောနစ်ပစ္စည်းများနှင့် အလုပ်ရှုပ်နေခြင်း ဂိမ်းကစားခြင်းများ မကြာခဏမြင်တွေ့ရပါသည်။ ကျွန်ုပ်ကိုယ်တိုင်သည်ပင် တစ်ခါတစ်ရံတွင် ထိုကဲ့သို့ပြုလုပ်ခြင်းများရှိကြောင်း ဝမ်းနည်းစွာဖြင့် ဝန်ခံပါသည်။

တစ်ပတ်တွင် ကျွန်ုပ်တို့သည် ယခင်ကထက် ဆိုးရွားသောအခြေအနေမျိုးရှိခဲ့ပါသည်။ ဤသို့ဖြင့် အတန်းပြီးဆုံးသော အခါတွင် ကျွန်ုပ်တို့ဆရာသည် သူမ၏သင်ကြားမှုအားမည်သူမျှနားထောင်ခြင်းမရှိသောကြောင့် မျက်ရည်ကျသည်အထိ ဖြစ်ခဲ့ပါသည်။ ကျွန်ုပ်သည်လည်း အတန်းမှ ထွက်လာသောအခါ သူမအတွက် စိတ်မကောင်းဖြစ်ခဲ့ရပါသည်။

နောက်တစ်ပတ် တနင်္ဂနွေနေ့တွင် ဆရာမမှ ရှင်းပြသည်မှာ သူသည်ယခုအပတ်တွင် လမ်းညွှန်ပြသခြင်းအား ဆုပ်ကိုင်နိုင် ရန် ဆုတောင်းခြင်းကို အကြိမ်ကြိမ်ပြုခဲ့ပြီး အသင်းတော်မှမှတ်တမ်းတင်ရုပ်ရှင်တစ်ခုအားကျွန်ုပ်တို့အာပြသလိုကြောင်းပင်ဖြစ်သည်။ သမူသည် ရုပ်ရှင်အားစတင်ပြသခဲ့ပြီး ထိုရုပ်ရှင်မှာ ယေရှုခရစ်တော်နှင့်သူ၏ဘဝအကြောင်းနှင့် ထူးဆန်း အံ့သြဖွယ်ရာများပင်ဖြစ်ပါသည်။

ထိုညနေခင်းတွင် ကျွန်ုပ်သည်ထိုရုပ်ရှင်အကြောင်းအားစဉ်းစားမိခဲ့ပြီး ကွဲပြားသောခံစားမှုကိုရရှိခဲ့သည်။ ရုတ်တရက်အား ဖြင့် ကျွန်ုပ်နားလည်သည်မှာ ကျွန်ုပ်ဝိညာဉ်တော်စီးဆင်းခြင်းအား ယခင်ကထက်ပိုမိုခံစားရခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ် ချက်ခြင်းဆုံးဖြတ်ချက်ချလိုက်သည်မှာ မိမိကိုယ်မိမိပြုပြင်ပြီး ကယ်တင်ရှင်သခင်ကဲ့သို့ နေထိုင်နိုင်ရန်ပင်ဖြစ်ပြီး တနင်္ဂနွေနေ့သင်တန်းတွင် အတွေ့အကြုံသည် ကျွန်ုပ်၏သက်သေခံခြင်းအတွက်ခွန်အားဖြစ်စေခြင်းပင်ဖြစ်သည်။ ကျွန်ုပ်သည် ကျွန်ုပ်၏တနင်္ဂနွေနေ့သင်တန်းဆရာမထိုအပတ်တွင် သင်တန်းအတွက် သူမပြုလုပ်ခဲ့ခြင်းအားလုံးအတွက် ကျွန်ုပ်ကျေးဇူး အလွန်တင်ရှိပါသည်။

© Intellectual Reserve, Inc အားဖြင့် 2012 ခုနှစ်တွင် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိသည်။ ထိုင်းနိုင်ငံတွင် ပုံနှိပ်ထုတ် ဝေသည်။ အင်္ဂလိပ်စာခွင့်ပြုချက် 6/11၊ ဘာသာပြန်ခွင့်ပြုချက် 6/11၊ First Presidency Message, June 2012 အားဘာသာပြန်ဆိုခြင်း၊ . Burmese. 10366 256

ယုံကြည်ခြင်း၊ မိသားစု၊ ဘဝလုံခြုံမှု

# မိသဟာရသင်ကြားခြင်း၊ လေးမြတ်သောလုပ်ငန်းတာဝန်

ဤအကြောင်းအရာအားဖတ်ရှုပြီး သင်သွားရောက်သင်ကြားရသော ညီအစ်မများနှင့် ပြန်လည်ဆွေးနွေးခြင်းက ပိုမိကောင်းမွန်ပါသည်။ ဤအပိုင်းမှ မေးခွန်းများကို အသုံးပြုမေးမြန်းခြင်းအားဖြင့် သင်၏ ညီအမများအတွက်ပိုမိုခွန်အားရရှိစေသလို သင်သည်လည်း ညီအစ်မများစောင့်ရှောက်ရေးအင်းကြီးအား သင်၏ဘဝတစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ဆင်နွဲနိုင်ပါသည်။

ကျွန်ုပ်တို့တွင်အရေးကြီးသောဝိညာဉ်ဆိုင်ရာ သာသနာပြုခြင်းအတွက်ပြည့်စုံမှုရှိစေရန်မိသဟာရသင်ကြားခြင်းဆရာများတွင်တာဝန်ရှိပါသည်။ "သင်းအုပ်သည်အသင်းတော်တစ်ခုအတွက် ဦးဆောင်လမ်းပြသူသိုးထိန်းဖြစ်သော်လည်း ဘုရားသခင်၏သိုးများကိုတစ်ကြိမ်တည်းဖြင့် ကြည့်ရှုစောင့်ရှောက်ရန်မဖြစ်နိုင်ပါ၊ သူသည် မိသဟာရသင်ကြားခြင်းဆရာများအကူအညီနှင့်ပံ့ပိုးမှုအပေါ်တွင်မှုတည်နေပါသည်"။[၁] ညီအစ်မအယောက်တိုင်းစီအားစောင့်ရှောက်ကြည့်ရှုရန်ဗျာဒိတ်အာရုံအားဆုပ်ကိုင်၍သင့်တော်သူတစ်စုံတစ်ယောက်အားတာဝန်ပေးခြင်းသည်မရှိမဖြစ်လိုအပ်ပါသည်။

ညီအစ်မစောင့်ရှောက်ရေးအသင်းကြီး၏ဥက္ကဋ္ဌအဖွဲ့မှဆုတောင်းချက်ဖြင့် အသင်းကြီး၏ အသင်းသားအဖြစ်သို့လှုံ့ဆော်ချက်အားဆွေးနွေးခြင်းသည်အယောက်တိုင်းစီနှင့်မိသားစုအတိုင်းအတွက်လိုအပ်ပါသည်။ ထို့နောက်သင်းအုပ်၏ခွင့်ပြုချက်ဖြင့်ညီအစ်မစောင့်ရှောက်ရေးအသင်းကြီး၏ဥက္ကဋ္ဌအဖွဲ့မှညီအစ်မများကိုကူညီရန်နှင့်မိသဟာရသင်ကြားခြင်းအတွက်အလုပ်တာဝန်များ ခွဲဝေပေးခြင်းသည်အရေးကြီးသော ဝိညာဉ်ရေးရာ တာဝန်တစ်ခုဖြစ်ပါသည်။[၂]

မိသဟာရအိမ်သင်ဆရာများသည်ညီအစ်မများထံသို့သွားရောက်၍ ချစ်ခြင်းကိုပြခြင်း၊ သူမ၏ယုံကြည်ချက်အားခွန်အားပေးခြင်းနှင့်အရေးကြုံလျှင်ကူညီခြင်းများကို ဟန်ဆောင်ခြင်းမဟုတ်ပဲ စိတ်ရောကိုယ်ပါဆောင်ရွက်ရမည်။ သူတို့သွားရောက်သောညီအစ်မများ၏စိတ်ပိုင်းဆိုင်ရာနှင့်ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကိုသူတို့ကိုယ်ပိုင်စိတ်ကူးလှုပ်ဆော်မှုဖြင့်သိရှိပြီးမည်သို့ပြန်လည်တုံ့ပြန်ရမည်ကို သိရှိရမည်ဖြစ်သည်။[၃]

"ကျွန်ုပ်တို့သည် ပြုလုပ်ခြင်းရာခိုင်နှုန်းထက် လူအပေါင်းအပေါ်တွင် ပိုမိုအာရုံစိုက်ပါက သတိမိသဟာသင်ကြားခြင်းသည်ဘုရားသခင်၏အမှုတော်အဖြစ်သင်ကိုယ်တိုင်သိရှိလာမည်ဖြစ်ပါသည်။ အမှန်တကယ်တွင် မိသဟာရသင်ကြားခြင်းသည်ပြီးဆုံးခြင်းမရှိပါ။ ထိုအရာသည်အလုပ်တာဝန်တစ်ခုထက်ပိုမိုသော ဘဝဦးတည်ရာတစ်ခုဖြစ်ပါသည်။[၄]

## ကျမ်းချက်များမှ

ရှင်မဿဲခရစ်ဝင် ၂၂:၃၆–၄၀၊ ရှင်ယောဟန် ၁၃:၃၄–၃၅၊ အယ်မာ ၃၇:၆–၇

## ကျွန်ုပ်တို့သမိုင်းကြောင်းမှ

အယ်လီဇာ အာ စနိုး၊ ညီအစ်မများစောင့်ရှောက်ရေးအသင်းကြီး၏ဒုတိယအထွေထွေဥက္ကဋ္ဌကြီးပြောကြားခဲ့သည်မှာ "ကျွန်မတွေးတောမိသည်မှာသင်တို့သည်မြင့်မြတ်သောရုံးတော်မှမြင့်မားသောဆရာများပင်ဖြစ်ကြသည်" ဟူ၍ဖြစ်ပါသည်။ သူမက မိသဟာရအိမ်သင်ဆရာများကိုအကြံပြုသည်မှာ "သင်တို့သည်သင်တို့သွားရောက်ရမည့်အိမ်သို့မသွားခင်ကပင်ဘုရားသခင်၏ဝိညာဉ်တော်ကိန်းဝပ်ပြီး၊ဉာဏ်ပညာဖြင့်လည်းကောင်း၊နှိမ့်ချခြင်းဖြင့်လည်းကောင်း၊ ချစ်ခြင်းဖြင့်လည်းကောင်း" ပြည့်စုံရန်ပြင်ဆင်ရမည်။ သို့မှသာ သူတို့လိုအပ်နေသောဝိညာဉ်ရေးရနှင့်လူမှုရေးရာ လိုအပ်ချက်များအားလုံးကို သင်ကိုယ်တိုင်လေ့လာစိစစ်ခြင်းအားဖြင့် သိရှိနိုင်မည်ဖြစ်သည်။ သူမဆက်လက်ပြောကြားသည်မှာ "သင်တွေ့ရှိသောညီအစ်မတစ်စုံတစ်ခုကိုခံစားနေခိုက်တွင်သင်ကိုယ်တိုင်မှငြိမ်းချမ်းခြင်းဖြင့်သက်သာစေသောစကား လုံးများကိုရွေးချယ်ပြောကြား၍ သင်၏ကလေးငယ်အား သင်၏ရင်ခွင်တွင်နွေးထွေးမှုဖြင့် ပွေ့ဖက်ထားသကဲ့သို့ပင် သူမအား သင်၏နှလုံးသားရှိရာအရပ်သို့ ခေါ်ဆောင်ခြင်းပြုပါ"။[၅]

ယခင်ကညီအစ်မစောင့်ရှောက်ရေးအသင်းကြီး၏ညီအစ်မများပြုကျင့်ခဲ့သည်အတိုင်းသင်၏ယုံကြည်ခြင်းဖြင့်ခရီးဆက်ပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့်အတူရှိနေပြီး သင်သွားရောက်လည်ပတ်သော ညီအစ်မများ၏လိုအပ်ချက် ကို သိရှိနိုင်ပြီး မည်သို့ကူညီရန် လှုံ့ဆော်မည်ဖြစ်သည်။ "သင်၏စွမ်းအားအစားသင်ဉာဏ်ပညာကိုအသုံးပြုပါ" ညီအစ်မစနိုးဆက်လက်ပြောကြားသည် မှာ "သင်၏ဉာဏ်ပညာဖြင့်လေ့ကျင့်အသုံးချခြင်းဖြင့်သင်သည်စွမ်းအားများ အားလုံးကိုရရှိမည်ဖြစ်ပါသည်။"[၆]

### မှတ်စုများ

၁။ ဂျူလီဘီဘက်၊ "ညီအမစ်များ စောင့်ရှောက်ရေးအသင်း လေးမြတ်သော အလုပ်တာဝန်"၊ *လိုင်ယာဟိုးနား*၊ နိုဝင်ဘာ ၂၀၀၉၊ ၁၁၄။

၂။ *လက်ကိုင်စာအုပ် ၂၊ အသင်းတော်အုပ်ချုပ်ရေး* (၂၀၁၀) ၉.၅း ၉.၅.၂

၃။ *လက်ကိုင်စာအုပ်* ၂။ ၉.၅.၁ တွင်ကြည့်ပါ။

၄။ ဂျူလီဘီဘက်၊ *လိုင်ယာဟိုးနား*၊ နိုဝင်ဘာ ၂၀၀၉၊ ၁၁၄

၅။ အယ်လစ်ဇာ အာ စနိုး၊ *Daughters in My Kingdom: ညီအစ်မများ စောင့်ရှောက်ရေးအသင်းကြီး အလုပ်တာဝန်နှင့် သမိုင်းကြောင်း* (၂၀၁၁)၊ ၁၀၈။

၆။ အယ်လစ်ဇာ အာ စနိုး၊ *Daughters in My Kingdom:* ၄၅–၄၆

### ကျွန်ုပ်ဘာလုပ်နိုင်သနည်း။

၁။ မိသဟာရသင်ကြားခြင်း ဆရာတစ်ယောက်အဖြစ် အရေးကြီးသောတာဝန်များကိုပြည့်စုံနိုင်စေရန် ကျွန်ုပ်၏စွမ်းအင်အား တိုးတက်အောင်မည်သို့ပြုလုပ်နိုင်သနည်း။

၂။ မိသဟာရသင်ကြားခြင်း ဆရာတစ်ယောက်အဖြစ်အခြားသောအိမ်သင်ဆရာညီအစ်မများ၏တာဝန်များကို ပြီးမြောက်ပြည့်စုံစေရန် မည်ကဲ့သို့ကူညီနိုင်သနည်း။

ပိုမိုသိရှိလိုပါက **reliefsociety.lds.org.** သို့သွားရောက်လေ့လာနိုင်ပါသည်။

© Intellectual Reserve, Inc အားဖြင့် 2012 ခုနှစ်တွင် မှတ်ပုံတင်ပြီး မူပိုင်ခွင့်ရရှိသည်။ ထိုင်းနိုင်ငံတွင် ပုံနှိပ်ထုတ် ဝေသည်။ အင်္ဂလိပ်စာခွင့်ပြုချက် 6/11၊ ဘာသာပြန်ခွင့်ပြုချက် 6/11၊ Visiting Teaching Message, June 2012 အား ဘာသာပြန်ဆိုခြင်း၊ Burmese. 10365 256